# လူမှုအသိုက်အဝန်း ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ

| | |
|---|---|
| စာတမ်းအမှတ် | M&AOSB-CPL-05012018-CMI |
| စာတမ်းခေါင်းစဉ် | လူမှုအသိုက်အဝန်း ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒ |
| ရေးသားသူ | Corporate Affairs Manager |
| ရက်စွဲ | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( ၅ ) ရက် |
| အတည်ပြုသူ | Group General Manager |

## ဦးတည်ချက်

M&AOSB သည်မိမိတို့ လုပ်ငန်းနှင့် လူမှုအသိုက်အဝိုင်းကို အကျိုးပြုဖြစ်ထွန်းစေမည့် ရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များကို ညီညွတ်မျှတစွာ အကောင်အထည်ဖေါ်ဆောင်ရွက်ရန် နှင့် စီးပွါးရေးလုပ်ငန်းများ၏ နောက်ဆက်တွဲအခက်အခဲများကိုရင်ဆိုင်ဖြေရှင်းရန် ကတိပြုဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံလူမှုအသိုက်အဝန်းအတွက် လူမှုရေး၊ စီးပွါးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့စေမည့် အကျိုးရလဒ်များရရှိစေရန် နှင့် လုပ်ငန်းလုပ်ကိုင်ရာ ပတ်ဝန်းကျင်ဒေသများကို အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များကို အကောင်အထည်ဖေါ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ချမှတ်ထားသည့် ဤမူဝါဒကို လိုက်နာရန် ပျက်ကွက်ပါက ဝန်ထမ်းဖြစ်လျှင် စည်းမျဉ်းစည်းကမ်းများနှင့် အညီအလုပ်မှ ရပ်စဲသည်အထိ အရေးယူခြင်း၊ စာချုပ်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကန်ထရိုက်တာများဖြစ်လျှင် စာချုပ်ရပ်ဆိုင်းခြင်း (သို့မဟုတ်) သက်တမ်းတိုး ဆောင်ရွက်ခွင့်မပြုခြင်း (သို့မဟုတ်) အခြားသင့်လျော်သော အရေးယူမှုများကိုဆောင်ရွက်မည်ဖြစ်ပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်မှု

M&AOSB သည်ဖေါ်ပြပါ ရည်မှန်းချက်များနှင့် လျာထားချက်များရရှိရေးအတွက် ဝန်ထမ်းများ နှင့် မန်နေဂျာများ အားလုံး၏တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို ရည်မှန်းထားသကဲ့သို့ ကန်ထရိုက်တာ

များ နှင့် Suppliers များသည်လည်း တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း တာဝန်ရှိပါသည်။

ယခုဖေါ်ပြပါမူဝါဒအတိုင်း လိုက်နာရန် ပျက်ကွက်ပါက အလုပ်မှ ရပ်စဲသည်အထိ အရေးယူမှုများ ပါဝင်သည့် ရုံးစည်းကမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလားတူ မူဝါဒကို လိုက်နာရန်ပျက်ကွက်သော ကန်ထရိုက်တာများကိုလည်း ၎င်းတို့၏ စာချုပ်များကို ရပ်စဲခြင်း (သို့မဟုတ်) သက်တမ်းတိုးမှုမပြုလုပ်ခြင်း (သို့မဟုတ်) အခြားသင့်လျော်သည့် အရေးယူဆောင်ရွက်မှု များ ပြုလုပ်မည်ဖြစ်ပါသည်။ M&AOSB သည် ယခုမူဝါဒကို အခါအားလျော်စွာလိုအပ်သောပြင်ဆင် မှုများ (သို့မဟုတ်) ခေတ်နှင့်အညီပြောင်းလဲမှုများ ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိပါသည်။

## <u>တာဝန်ယူအာမခံချက်</u>

M&AOSB ၏ ချမှတ်ထားသည့် ဦးတည်ချက်များအောင်မြင်စေရန် အောက်ပါ အတိုင်းဆောင်ရွက် မည်ဖြစ်ပါသည်။

- စီးပွါးရေးလုပ်ငန်းများ၏ နောက်ဆက်တွဲအကျိုးဆက်နှင့်အခက်အခဲများကို ဖေါ်ထုတ်ပြီး ဒေသခံလူမှုအသိုက်အဝိုင်း၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့်လူမှုအသိုက်အဝန်းဖွံ့ဖြိုး ရေးစီမံချက်များကိုပံ့ပိုးဆောင်ရွက်ရန်၊
- ပြည့်စုံလုံလောက်သည့် သတင်းအချက်အလက်များ စုဆောင်းရေး၊ ဖြစ်နိုင်ခြေရှိသည့် ဖွံ့ဖြိုးရေး ကဏ္ဍများသတ်မှတ်ရေးနှင့် လူမှုအသိုက်အဝန်းနှင့် စီးပွါးရေးမိတ်ဖက်များ ပါဝင် ဆောင်ရွက်စေရေးတို့အတွက် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊
- လုပ်ငန်းများကို မြင့်မားသောစံနှုန်းများဖြင့် သတ်မှတ်ထားသည့် ဌာနတွင်း စည်းမျဉ်း စည်းကမ်းများသာမက ဥပဒေပြဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊
- ဖွံ့ဖြိုးရေးလုပ်ငန်း တစ်ခုစီအတွက် လုပ်ငန်းဆောင်ရွက်ချက်၊ တိုးတက်မှုနှင့် အကျိုးရလဒ် အခြေအနေများကို သိရှိစေမည့် လေ့လာစောင့်ကြည့်စေခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာပုံစံ များသတ်မှတ်ဆောင်ရွက်ရန်၊

- ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်နှင့် ပတ်သက်သည့် စိန်ခေါ်မှုများ၊ တိုးတက်မှုအခြေအနေ နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းတာနိုင်မည့် စံသတ်မှတ်ချက်များ၊ နည်းလမ်းများ နှင့် လမ်းညွှန်ချက်များကို အသုံးပြုရန်၊

**<u>တာဝန်များ</u>**

လူမှုတာဝန်သိလုပ်ငန်းများဆိုင်ရာဌာနသည် M&AOSB ၏ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ လှူဒါန်းမှုများ၊ ငွေကြေးထောက်ပံ့မှုများနှင့် စပ်လျဉ်းသည့်လုပ်ငန်းဆောင်ရွက်ချက် များအပေါ် တာဝန်ယူကြီးကြပ်ရသည့် ဌာနဖြစ်ပါသည်။ ထို့ပြင် ချမှတ်ထားသည့် မူဝါဒများကို ပုံမှန်သုံးသပ်ခြင်း၊ M&AOSB ၏ လူမှုအသိုက်အဝန်းဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ အား ဆန်းစစ်ခြင်း၊ အဆိုပါဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် မူဝါဒများ နှင့် ဆန့်ကျင်သည့် လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ခြင်းတို့ပါဝင်ပါသည်။

ထို့ပြင် လူမှုတာဝန်သိလုပ်ငန်းများဆိုင်ရာဌာနသည် ဤမူဝါဒကို ကုမ္ပဏီလုပ်ငန်း အဝန်းအဝိုင်း အတွင်း အကောင်အထည်ဖေါ်ဆောင်ရွက်ရေးကို သေချာစွာလုပ်ဆောင်ပါသည်။ ဒေသဆိုင်ရာမဟာ ဗျူဟာကိုတီထွင်ဖန်တီးခြင်း၊ လူမှုအသိုက်အဝန်းဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲခြင်း၊ ထောက်ပံ့ခြင်းများ အတွက်ကမကထပြုခြင်းများနှင့် အမျိုးမျိုးသောလုပ်ဆောင်မှုများအတွက် ဒေသခံလူမှုအသိုက် အဝန်းနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ခြင်းများသည် လူမှုတာဝန်သိလုပ်ငန်းများဆိုင်ရာဌာန၏ အဓိကတာဝန်ဝတ္တရားများဖြစ်ပါသည်။

လူမှုတာဝန်သိလုပ်ငန်းများဆိုင်ရာဌာနသည် ကုမ္ပဏီ၏ လူမှုတာဝန်သိ လုပ်ငန်းဆောင်ရွက်ချက် များကို UN Global Compact က သတ်မှတ်ထားသည့် ပုံစံများနှင့် အညီပြုစုထားရှိသည့် နှစ်စဉ် တိုးတက်မှုအစီရင်ခံစာအား တင်ပြရန်လည်း တာဝန်ရှိပါသည်။ ထို့ပြင် လူမှုတာဝန်သိလုပ်ငန်းများ ဆိုင်ရာဌာနအနေဖြင့် စီမံအုပ်ချုပ်မှု၊ သဘာဝပါတ်ဝန်းကျင် နှင့် ရေရှည်ဖွံ့ဖြိုးမှုနှင့် စပ်လျဉ်းသော လူမှုရေးဆိုင်ရာ မေးခွန်းများကို ဖြေဆိုပြန်ကြားပေးရန်လည်းတာဝန်ရှိပါသည်။

## ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် သတင်းအချက်အလက်ပံ့ပိုးခြင်း

လူမှုအသိုက်အဝန်းဖွံ့ဖြိုးရေးမူဝါဒကို အမျိုးသားရေးအခြေအနေများ၊ ဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ စီးပွါးရေးလုပ်ငန်းများနှင့် ပြင်ပပတ်ဝန်းကျင်ပြောင်းလဲမှု အခြေအနေများ နှင့် လိုက်လျောညီထွေမှုဖြစ်စေရန် နှစ်နှစ်လျှင် တစ်ကြိမ်ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။

M&AOSB သည် မိမိ၏ လုပ်ငန်းများနှင့် ဒေသခံလူမှုအသိုက်အဝန်းတို့၏ တန်ဖိုးကို မြှင့်တင်ပေးသည့် အဓိကစီမံကိန်း၊ စီမံချက်များကို လေ့လာသုံးသပ်ရာတွင် လန်ဒန်အခြေခံစံနှုန်းအုပ်စု၏ နည်းစနစ်များကဲ့သို့သော နိုင်ငံတကာက လက်ခံကျင့်သုံးလျက်ရှိသည့် စံနှုန်းများနှင့် အညီကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

M&AOSB သည် မိမိတို့လုပ်ငန်း ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များနှင့် စပ်လျဉ်း၍ ပါဝင်ပတ်သက်သူများနှင့် ပွင်းလင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ရန် ကတိပြုဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

Vantage Tower, 623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +95 1 230 7722 ~ 31 Fax : +95 1 230 7720  email : myint@myintassociates.com